**အိုဇုန်းလွှာ ပျက်စီးစေသော ဒြပ်ပစ္စည်းများ သို့မဟုတ် အိုဇုန်းလွှာ ပျက်စီးစေသောဒြပ်ပစ္စည်းကို အသုံးပြုရန် ထုတ်လုပ်ထားသော ထုတ်ကုန်ကို ပြည်တွင်းသို့ တင်သွင်းခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ မှတ်ပုံတင်လက်မှတ် နှင့် ထောက်ခံချက်/ သဘောထားမှတ်ချက် တောင်းခံရန် လိုအပ်မည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်ခြင်း**

မြန်မာနိုင်ငံသည် အိုဇုန်းလွှာကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း (၁၉၈၅)၊ အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းများထိန်းချုပ်ရေးဆိုင်ရာ မွန်ထရီရယ် နောက်ဆက်တွဲ စာချုပ် (၁၉၈၇) နှင့် ယင်း၏နောက်ဆက်တွဲပြင်ဆင်ချက် (၅) ခု အနက် (လန်ဒန်ပြင်ဆင်ချက်၊ ကိုပင်ဟေဂင် ပြင်ဆင်ချက်၊ မွန်ထရီရယ်ပြင်ဆင်ချက်၊ ဘေဂျင်းပြင်ဆင်ချက်) များတွင် အဖွဲ့ဝင်အဖြစ် ပါဝင် လက်မှတ်ရေးထိုးကာ ကမ္ဘာ့နိုင်ငံများနည်းတူ အိုဇုန်းလွှာထိခိုက်ပျက်စီးစေသော ဒြပ်ပစ္စည်းများ တင်သွင်းမှု၊ တင်ပို့မှုတို့ကို ထိန်းချုပ်ဆောင်ရွက်ရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ ၂၅-၄-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၇/၂၀၁၄ ဖြင့် " အိုဇုန်းလွှာထိခိုက်ပျက်စီး စေသော ဒြပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခြင်းအမိန့်" ကို ထုတ်ပြန်ခဲ့ပြီး ကန့်သတ်ထိန်းချုပ် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် မွန်ထရီရာယ်နောက်ဆက်တွဲစာချုပ် ဖွံ့ဖြိုးဆဲနိုင်ငံ Article 5 အုပ်စု (၁) တွင် ပါဝင်ပြီး "အိုဇုန်းလွှာထိခိုက်ပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခြင်း အမိန့်" နှင့်အညီ ကမ္ဘာ့နိုင်ငံများနည်းတူ အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ရေး လုပ်ငန်းစဉ်များကို ကြိုးကြပ် ဆောင်ရွက်နိုင်ရေးအတွက် **အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်း သို့မဟုတ် အိုဇုန်းလွှာ ပျက်စီးစေသောဒြပ်ပစ္စည်းကို အသုံးပြုရန် ထုတ်လုပ်ထားသော ထုတ်ကုန်ကို** ပြည်တွင်းသို့ တင်သွင်းခြင်း နှင့် ပြည်ပသို့ တင်ပို့ခြင်းတို့အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ မှတ်ပုံတင်လက်မှတ်၊ ထောက်ခံချက်/ သဘောထားမှတ်ချက် တောင်းခံရန် လိုအပ်မည်ဖြစ်ပါသည်။

ဆက်လက်၍ ပဉ္စမမြောက်ပြင်ဆင်ချက်ဖြစ်သော ကီဂါလီပြင်ဆင်ချက်အား သဘောတူ လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့ပူးနွေးမှုအလားအလာ (GWP) မြင့်မားသည့် ဟိုက်ဒရိုဖလူရိုကာဗွန် (HFC) ဒြပ်ပစ္စည်းများ တင်သွင်းအသုံးပြုခြင်းများအတွက် လိုက်နာဆောင်ရွက် ရန်များကို အခါအားလျော်စွာ ထုတ်ပြန်ကြေငြာပေးသွားမည် ဖြစ်ပါကြောင်း ကြိုတင်အသိပေးနှိုးဆော် အပ်ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန